# သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သော
# ကုန်စည်လိုင်းများ သတ်မှတ်ထုတ်ပြန်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၁၉ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်)

## သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်စည်လိုင်းများ သတ်မှတ်ထုတ်ပြန်ခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဂ)နှင့်ပုဒ်မ ၁၃ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၂၂) ဖြင့် ထုတ်ပြန်ထားသည့် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ (Customs Tariff of Myanmar 2022)နှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပူးတွဲပါ H.S Code 10 digit ဖြင့် ကုန်စည်လိုင်း ၈၇၇၄ လိုင်းကို သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်စည်လိုင်းများအဖြစ် သတ်မှတ်လိုက်သည်။

၂။ ပူးတွဲဖြင့် ဖော်ပြထားသည့် ကုန်စည်လိုင်းများပါ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ သွင်းကုန်လိုင်စင် ဦးစွာလျှောက်ထားပြီးမှ စိစစ်ခွင့်ပြုသည့်စနစ်(Non- Automatic Licensing) ဖြင့် နိုင်ငံတော်အတွင်းသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့မှ တင်သွင်းခွင့်ပြုမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၄။ ပြည်ပမှတင်သွင်းသည့် ကုန်စည်လိုင်းများနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၂) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ)

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စက- ၁၄ / ၂ - ၃၇ /၂၀၂၃ ( ၃၂ )
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်

ပူးတွဲ

# သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သည့် ကုန်စည်လိုင်း

| Ch No. | HS Code 2022 Version ပါ ကုန်စည်လိုင်း အရေ အတွက် | လိုင်စင်လျှောက်ထားရန် လိုအပ်မည့် ကုန်စည်လိုင်း အရေအတွက် | လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| 01 | 53 | 53 | တိရစ္ဆာန်အရှင်များ |
| 02 | 85 | 85 | အသားနှင့် စားသုံးနိုင်သော ဝမ်းတွင်းသားများ |
| 03 | 407 | 407 | ငါး၊ အခွံမာရေနေသတ္တဝါများ၊ ခရုများနှင့် အခြားကျောရိုးမဲ့ ရေနေသတ္တဝါများ |
| 04 | 68 | 68 | နို့ထွက်ပစ္စည်း၊ ငှက်ဥများ၊ သဘာဝပျားရည်၊ အခြားဖော်ပြထားခြင်းမရှိသော စားသုံးနိုင်သည့် တိရစ္ဆာန်ထွက် |
| 05 | 27 | 27 | အခြားဖော်ပြထားခြင်းမရှိသော သို့မဟုတ် ထည့်သွင်းထားခြင်းမရှိသော တိရစ္ဆာန်ထွက်ပစ္စည်းများ |
| 06 | 27 | 27 | သက်ရှိအပင်များနှင့် အခြားအပင် ငယ်များ၊ သစ်မြစ် သစ်ဥများနှင့် အလားတူ အပင်များ၊ ဖြတ်ထား သော ပန်းများနှင့် အလှဆင် သစ်ရွက်သစ်ခက်များ |
| 07 | 178 | 178 | စားသုံးနိုင်သော ဟင်းသီးဟင်းရွက်များနှင့် အချို့သော သစ်မြစ်များနှင့် ဥမြစ်များ |
| 08 | 112 | 112 | စားသုံးနိုင်သော သစ်သီးအစိနှင့် အခွံမာအသီးများ |
| 09 | 65 | 47 | ကော်ဖီ၊ လက်ဘက်နှင့် ဟင်းခတ်အမွှေး အကြိုင်များ |
| 10 | 50 | 50 | ကောက်နှံစပါးပင်များ (ဂျုံစေ့အပါအဝင်) |
| 11 | 42 | 42 | ဂျုံမှုန့်၊ ပြောင်းမှုန့်၊ နှံစားနှင့် မုယောစပါးမှုန့်၊ ပြောင်းမှုန့်၊ အာလူးမှုန့် စသည်များ |
| 12 | 85 | 85 | ဆီထွက်သီးနှံအစေ့များနှင့် အသီးများ၊ အစေ့အမျိုးမျိုးနှင့် အဆံများ၊ အသီးများ၊ စက်မှုနှင့်ဆေးဘက်ဝင်အပင်များ၊ ကောက်ရိုးများ) |
| 13 | 22 | 22 | ချိပ်၊ ကော်၊ သစ်စေးနှင့် အခြားဟင်းသီးဟင်းရွက်မှ ထုတ်ယူထားသော အရည်များ၊ အစေးများ |
| 14 | 17 | 17 | ယက်ထိုးနိုင်သည့် ဝါး၊ ကြိမ် အစရှိသည့် ကုန်ကြမ်း ပစ္စည်းများ |
| 15 | 210 | 173 | ဆီအမျိုးမျိုး (သစ်တောထွက်ပစ္စည်း၊ ဖယောင်း) |
| 16 | 87 | 87 | ပြုပြင်ထားသောအသား၊ ငါး၊ ပုစွန်နှင့် ခရုများ |
| 17 | 36 | 36 | သကြားနှင့် သကြားဖြင့်ပြုလုပ်ထားသော စားဖွယ်ရာများ |
| 18 | 16 | 9 | ကိုကိုး၊ ကိုကိုး (အစေ့၊ အသား၊ အခွံ) စသည်ဖြင့် ပြုလုပ် ထားသော စားဖွယ်ရာများ |

| Ch No. | HS Code 2022 Version ပါ ကုန်စည်လိုင်း အရေ အတွက် | လိုင်စင်လျှောက်ထားရန် လိုအပ်မည့် ကုန်စည်လိုင်း အရေအတွက် | လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| 19 | 62 | 62 | စားသောက်ကုန်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းများ (မုယော၊ ဂျုံ၊ ကစီဓာတ်ပါဝင်သော အမှုန့်များ၊ နို့ဖြင့် ရောနှောထားသော အစားအစာများ) |
| 20 | 103 | 96 | ဟင်းသီးဟင်းရွက်၊ သစ်သီး၊ အခွံမာသီးနှင့် အပင်ထွက် ပစ္စည်းများဖြင့် ပြုပြင်ထုတ်လုပ်ထားသည့် တာရှည်ခံ စားသောက်ဖွယ်ရာများ (ယို၊ ဂျယ်လီ၊ ဖျော်ရည် အစရှိသည်များ) |
| 21 | 65 | 61 | အသင့်စားသုံးနိုင်အောင်ပြင်ဆင်ထားသော အထွေထွေစားဖွယ်ရာများ (ကော်ဖီမစ်၊ တီးမစ် အစရှိသည်များ) |
| 22 | 75 | 71 | အဖျော်ယမကာနှင့် အဖျော်ယမကာမပါဝင်သော အချိုရည်များ |
| 23 | 44 | 44 | စားသောက်ကုန်လုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်း နှင့်အကြွင်းအကျန်များ |
| 24 | 54 | 54 | ဆေးရွက်ကြီး၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီး အစားထိုးပစ္စည်းများ |
| 25 | 89 | 85 | ဆား၊ ကန့်၊ မြေကြီးနှင့် ကျောက်ခဲများ၊ အချောကိုင် ပစ္စည်းများ၊ ထုံးနှင့် ဘိလပ်မြေ |
| 26 | 43 | 43 | သတ္တုရိုင်း၊ ချော်မြုပ် အညစ်အကြေးနှင့် ပြာ |
| 27 | 95 | 94 | တွင်းထွက်လောင်စာများ၊ လောင်စာဆီများနှင့် ယင်းတို့ ပေါင်းခံခြင်းအားဖြင့် ရရှိလာသော ကုန်ပစ္စည်းများ၊ ရေနံ၊ ကတ္တရာကဲ့သို့ သော ပစ္စည်းများ |
| 28 | 235 | 235 | အင်အော်ဂင်နစ်ဓာတုပစ္စည်းများ၊ အဖိုးတန်သတ္တုများ၊ ရှားပါးသတ္တုများ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ (သို့) အိုင်ဆိုတုပ် များ၏ အော်ဂင်နစ် (သို့) အင်အော်ဂင်နစ် ဒြပ်ပေါင်းများ |
| 29 | 498 | 498 | အော်ဂင်နစ်ဓာတုပစ္စည်းများ |
| 30 | 112 | 104 | ဆေးဝါးဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ |
| 31 | 31 | 31 | ဓာတ်မြေသြဇာများ |
| 32 | 89 | 84 | ဆိုးဆေးအဆီများ၊ သစ်ခေါက်ရည်နှင့် ယင်းတို့၏ဆင့်ပွား ပစ္စည်းများ၊ သဘာဝ (သို့)ဖန်တီးပြုလုပ် ထားသော အရောင်ဆိုးပစ္စည်းများ၊ သင်္ဘောဆေးနှင့် အရောင်တင်ဆီများ၊ |
| 33 | 53 | 53 | သဘာဝအမွှေးဆီ (Essential oils) နှင့် ချုပ်ဆေး၊ ရေမွှေး၊ အလှကုန် နှင့် သန့်စင်ခန်းသုံး ကုန်ပစ္စည်းများ |
| 34 | 67 | 52 | ဆပ်ပြာနှင့်ဆပ်ပြာကုန်ကြမ်း၊ လေယာဉ်သုံးချောဆီ၊ အရောင်တင်ဆီ |
| 35 | 22 | - | |

| Ch No. | HS Code 2022 Version ပါ ကုန်စည်လိုင်း အရေ အတွက် | လိုင်စင်လျှောက်ထားရန် လိုအပ်မည့် ကုန်စည်လိုင်း အရေအတွက် | လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| 36 | 20 | 20 | ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ မီးခြစ်များ၊ မီးရှူး မီးပန်းများ၊ အခြားပေါက်ကွဲစေရန် ပြုလုပ် ထားသော ပစ္စည်းများနှင့် မီးလောင် လွယ်သော ပစ္စည်းများ |
| 37 | 54 | - | |
| 38 | 218 | 218 | အချိုမှုန့်အပါအဝင် အထွေထွေဓာတုဗေဒပစ္စည်းများ |
| 39 | 385 | 381 | ကော်စေး၊ ပလတ်စတစ်နှင့် ပလတ်စတစ်ပစ္စည်းအမျိုးမျိုး |
| 40 | 215 | 160 | ရာဘာနှင့် ရာဘာထွက်ပစ္စည်းများ |
| 41 | 39 | 39 | သားရေစိမ်း၊ သားရေပြား ကုန်ကြမ်းပစ္စည်းများ (Raw) |
| 42 | 37 | 37 | သားရေနှင့်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ |
| 43 | 16 | 16 | တိရစ္ဆာန်အမွေးဖြင့် ပြုလုပ်ထားသော အဝတ်အထည် သုံးပစ္စည်းများ |
| 44 | 270 | - | |
| 45 | 7 | - | |
| 46 | 28 | - | |
| 47 | 24 | 24 | သစ်သားပျော့ဖတ် (သို့) အခြားအမျှင်ထု၍ စေးကပ်သော ပစ္စည်းများ၏ ပျော့ဖတ်၊ စွန့်ပစ်ပစ္စည်းမှ ပြန်လည် ထုတ်လုပ်သော စက္ကူ (သို့) ကတ်ထူပြား |
| 48 | 255 | 254 | သတင်းစာ၊ စက္ကူနှင့်ကတ်ထူပြား၊ စက္ကူပျော့ဖတ်၊ စက္ကူ (သို့) ကတ်ထူပြား များမှရရှိသော ပစ္စည်းများ |
| 49 | 40 | 40 | ပုံနှိပ်စာအုပ်များ၊ သတင်းစာ၊ ရုပ်ပုံကားချပ်များ၊ ပုံနှိပ်ထုတ်လုပ် ထားသော စာအုပ်များ၊ လက်ရေးမူများ၊ လက်နှိပ်စက်မူနှင့် ပုံစံဒီဇိုင်းများ |
| 50 | 15 | 12 | ပိုးထည်များ (Waste & Scrap) |
| 51 | 40 | 3 | သိုးမွေး (သို့) ကြမ်းတမ်းသော တိရိစ္ဆာန်မွေး (Waste & Scrap) |
| 52 | 145 | 3 | ချည်ထည်များ (Waste & Scrap) |
| 53 | 31 | 13 | ဂုန်လျှော်များ ၊ အထည်အလိပ်အမျှင် စက္ကူ ကြိုးများနှင့် စက္ကူချည်၏ရက်ပိတ်ထည် (Waste & Scrap) |
| 54 | 90 | - | |
| 55 | 118 | 2 | ကြိုးမျှင် (Waste) |
| 56 | 43 | - | |
| 57 | 65 | - | |
| 58 | 86 | - | |
| 59 | 43 | - | |
| 60 | 62 | 62 | ဇာထိုးထားသော (သို့) တစ်ချောင်းထိုးရက်ထည်များ |

| Ch No. | HS Code 2022 Version ပါ ကုန်စည်လိုင်း အရေ အတွက် | လိုင်စင်လျှောက်ထားရန် လိုအပ်မည့် ကုန်စည်လိုင်း အရေအတွက် | လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| 61 | 131 | 131 | ဇာထိုးထားသော (သို့)တစ်ချောင်းထိုးထားသော အဝတ်အထည် ပစ္စည်းများ |
| 62 | 221 | 209 | ချုပ်ပြီးအဝတ်အထည်နှင့် တွဲဖက်သုံးအထည်များ |
| 63 | 93 | 92 | စောင်၊ စားပွဲခင်း၊ အိပ်ယာခင်း၊ လိုက်ကာ အစရှိသည့် အထည်များ |
| 64 | 60 | 60 | ဖိနပ်၊ ဒူးအောက်ပိုင်းတွင်ဝတ်ဆင်ရသော ပစ္စည်းများနှင့် အလားတူ ပစ္စည်းများ၊ ယင်းတို့၏ အစိတ်အပိုင်းများ |
| 65 | 15 | 8 | ခေါင်းစွပ်(ဦးထုပ်)နှင့် Safety Helmet |
| 66 | 7 | - | |
| 67 | 12 | - | |
| 68 | 86 | 85 | ကျောက်တုံး၊ ပလာစတာ၊ ဘိလပ်မြေတို့နှင့် ပြုလုပ်ထား သည့် အိမ်ဆောက်ပစ္စည်းများ |
| 69 | 61 | 61 | ဆောက်လုပ်ရေးနှင့်အိမ်သုံး ကြွေထည်၊ မြေထည်ပစ္စည်းများ |
| 70 | 119 | 113 | ဖန်နှင့် ဖန်ဖြင့်ပြုလုပ်ထားသော လူသုံး၊ အိမ်သုံးပစ္စည်း များ |
| 71 | 83 | 83 | ပုလဲ ၊ စိန်၊ ကျောက်စိမ်း၊ ငွေဒင်္ဂါးနှင့် အဖိုးတန်ကျောက်မျက် ရတနာများ |
| 72 | 377 | 377 | သံနှင့် စတီး (ကြိုး၊ ချောင်း၊ အပြား၊ အခွေ) ဆောက်လုပ် ရေးသုံးပစ္စည်း |
| 73 | 280 | 280 | သံနှင့် စတီးတို့ဖြင့် ပြုလုပ်ထားသည့် ဆောက်လုပ်ရေး သုံးနှင့် အိမ်သုံးပစ္စည်းများ (Tube, Pipe, Structure, Tank, Container, သံဆူးကြိုး၊ ) |
| 74 | 79 | 5 | ကြေးနီ (Waste & Scrap) |
| 75 | 20 | 1 | နီကယ် (Waste & Scrap) |
| 76 | 74 | 74 | အလူမီနီယမ်နှင့် အလူမီနီယမ်ဖြင့်ပြုလုပ်ထား သည့် အိမ်သုံးပစ္စည်းများ |
| 78 | 12 | 1 | ခဲ (Waste & Scrap) |
| 79 | 15 | 15 | သွပ်၊ သွပ်ဖြင့်ပြုလုပ်ထားသည့် ပစ္စည်းများ |
| 80 | 12 | 12 | သံဖြူ၊ သံဖြူဖြင့် ပြုလုပ်ထားသည့် ပစ္စည်းများ |
| 81 | 62 | 62 | အခြားသတ္တုများနှင့် ၎င်းတို့၏ Waste & Scrap များ |
| 82 | 76 | 2 | စက်လွှ |
| 83 | 73 | - | |
| 84 | 1322 | 507 | ပန့်၊ လေအေးပေးစက်၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ အစရှိ သည့် စက်နှင့် စက်အပိုပစ္စည်းများ |
| 85 | 897 | 747 | ဆက်သွယ်ရေသုံးပစ္စည်း များ၊ အိမ်သုံးလျှပ်စစ်ပစ္စည်း များ၊ အခြားလျှပ်စစ်ပစ္စည်းများနှင့် ၎င်းတို့၏ အပိုပစ္စည်းများ |

| Ch No. | HS Code 2022 Version ပါ ကုန်စည်လိုင်း အရေ အတွက် | လိုင်စင်လျှောက်ထားရန် လိုအပ်မည့် ကုန်စည်လိုင်း အရေအတွက် | လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| 86 | 25 | - | |
| 87 | 1148 | 1096 | မော်တော်ယာဉ်များ(မီးရထား(သို့) လျှပ်စစ် ကားနှင့် ဓါတ်ရထား၊ လူစီးတွဲများမှအပ) ၎င်းတို့ ၏အစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများ ၊ စက်ဘီးနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ |
| 88 | 31 | 21 | မိုးပျံပူဖောင်းများနှင့် လေယာဉ်များ |
| 89 | 66 | 66 | သင်္ဘောများ၊ မော်တော်ဘုတ်များ၊ ရေပေါ်တွင်သွားလာနိုင်အောင် တည်ဆောက်ထားသော ယာဉ်များနှင့် ပစ္စည်းများ |
| 90 | 244 | 8 | ဆေးရုံသုံး စက်ပစ္စည်းနှင့် နေကာမျက်မှန်အမျိုးမျိုး |
| 91 | 54 | 13 | လက်ပတ်နာရီအမျိုးမျိုး |
| 92 | 25 | - | |
| 93 | 32 | 32 | စစ်ဘက်ဆိုင်ရာအသုံးပြုသော လက်နက်ခဲယမ်း မီးကျောက်များ၊ ပစ္စတို |
| 94 | 128 | 80 | ပရိဘောဂပစ္စည်း၊ ကုတင်၊ မွေ့ယာ၊ ကူရှင်နှင့် အလားတူ ပစ္စည်းများ၊မီးအိမ်၊ မီးအလှဆင်ပစ္စည်းများ၊ ရောင်ပြန်ပစ္စည်းများ |
| 95 | 97 | 24 | ဂိမ်းစက်များ |
| 96 | 123 | 24 | တိရစ္ဆာန်ကိုယ်ထည်မှရရှိသောပစ္စည်းများဖြင့် ပြုလုပ်ထား သည့် ထွင်းထုပစ္စည်းများ၊ မီးခြစ်အမျိုးမျိုး ၊ ဆေးလိပ်တံ |
| 97 | 19 | 9 | တံဆိပ်ခေါင်းအမျိုးမျိုး၊ နှစ်တစ်ရာကျော်သက်တမ်းရှိသော ရှေးဟောင်းပစ္စည်းများ |
| Total | 11849 | 8774 | |